# Announcement on Launching Ceremony of Thi PP Lar Mobile Application

The Board of Directors of TMH Telecom Public Co., Ltd. announces that, apart from traditional Telecom Business, we have been trying to break in to Mobile Application Market since 2018. Among a mass of application scenarios, we chose the scenarios which are very close with people's daily life: up to date promotion information one stop inquiry platform. In the beginning, we will focus on promotion information in two cities, Yangon and Mandalay. We will expand to other places later on.

We cooperate with MPT under revenue share base and only MPT user would be able to subscribe our service. According to the contract agreement, THM and TMH's Partners Alinntaike Co., Ltd. and DaoLei Co., Ltd. will share the income with certain ratio on this subscription fees.

We believe that it is a great move forward of our company to seek opportunities in Mobile Application Market.

On behalf of the Board,

Thiha Lwin

Managing Director

21st February, 2019

## Mobile Application တစ်ခုအားအကျိုးတူပူးပေါင်းလုပ်ဆောင်ခြင်း

TMH Telecom Public Co., Ltd. (TMH) ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၈ ခုနှစ်မှစတင်၍ ဆက်သွယ်ရေးနှင့် နည်းပညာလုပ်ငန်းဆိုင်ရာ Mobile Application များကို ဈေးကွက်ထိုးဖောက် နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးရှိ အများပြည်သူများ ပရိမိုးရှင်းသတင်း အချက်အလက်များကို လွယ်လင့်တကူရှာဖွေအသုံးပြုနိုင်ရန်အတွက် **"Thi PP Lar Mobile Application"** ကို TMH၊ Alinntaike ကုမ္ပဏီနှင့် DaoLei ကုမ္ပဏီများနှင့်အတူ MPT အသုံးပြုသူ များအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရရှိလာသည့် အကျိုးအမြတ်များကို စာချုပ်ပါသဘော တူညီချက်အတိုင်း ခွဲဝေရရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**"Thi PP Lar Mobile Application"** မိတ်ဆက်အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ရန်ကုန်မြို့ Park Royal Hotel ရှိ Yadanar Ballroom တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ MPT အသုံးပြုသူများအတွက် Thi PP Lar Mobile Application တွင် ပထမအဆင့် အနေဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ စုံလင်သောအမျိုးအစားတို့၏ ပရိမိုးရှင်းသတင်း အချက်အလက် များကို ရှာဖွေနိုင်မည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် တစ်နိုင်ငံလုံး၏ ပရိမိုးရှင်းသတင်းအချက်အလက် များကိုလည်း ရှာဖွေအသုံးပြုနိုင်မည်ဖြစ်ပါသည်။

TMH ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်မည့် Alinntaike ကုမ္ပဏီသည် ဆက်သွယ်ရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းကို ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပြီး DaoLei ကုမ္ပဏီသည်လည်း တရုတ်နိုင်ငံ၏ Telecom Industry တွင် အောင်မြင်မှုရရှိအောင်စွမ်းဆောင်သော Software Development ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများ ပြုလုပ်ခဲ့ကြပြီး TMH ကုမ္ပဏီနှင့် Alinntaike ကုမ္ပဏီမှ ဈေးကွက်ထိုးဖောက်မှုနှင့် ဝန်ဆောင်မှုများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများကို DaoLei ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်။